mgyoe.com

# CORONA VIRUS

# ကိုရိုနာဗိုင်းရပ်စ် အကျပ်အတည်းနှင့်

## စီးပွားရေးလုပ်ငန်းများအတွက် ကျော်လွှားနည်း ၁၂ နည်း

ခင်မောင်ညို(ဘောဂဗေဒ)



mgyoe.com




# ကိုရိုနာဗိုင်းရပ်စ် အကျပ်အတည်းနှင့်

## စီးပွားရေးလုပ်ငန်းများအတွက် ကျော်လွှားနည်း ၁၂ နည်း

ခင်မောင်ညို(ဘောဂဗေဒ)

KMN0053
1,300.00 KS

mgyoe.com

ကိုရိုနာဗိုင်းရပ်စ်အကျပ်အတည်းနှင့် စီးပွားရေးလုပ်ငန်းများအတွက်
ကျော်လွှားနည်း ၁၂ နည်း။ ခင်မောင်ညို (ဘောဂဗေဒ)
စာမျက်နှာ ၅၀ မျက်နှာ၊ ၁၄ ∙ ၅ စင်တီ× ၂၀ ∙ ၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး။ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း။ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း။ ရန်ကင်း။
၂၀၂၀၊ မတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁ ၃ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

ကိုရိုနာဗိုင်းရပ်စ်အကျပ်အတည်းနှင့်
စီးပွားရေးလုပ်ငန်းများအတွက် ကျော်လွှားနည်း ၁၂ နည်း

ခင်မောင်ညို (ဘောဂဗေဒ)

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | ဘယ်ဆေးစွမ်းမလဲ | ၁ |
| ၂။ | ကူးစက်ရောဂါနဲ့ ကမ္ဘာ့စီးပွားရေး | ၆ |
| ၃။ | တရုတ်ဆေးကို အားကိုးရသောအခါ | ၁၁ |
| ၄။ | ကျန်းမာဖို့ ကြိုးစားနေတဲ့ တရုတ်ပြည် | ၁၆ |
| ၅။ | ကိုရိုနာဗိုင်းရပ်စ်နဲ့ အစိုးရရဲ့အခန်းကဏ္ဍ | ၂၁ |
| ၆။ | ကျန်းမာရေးအတွက် – ဆေး၊<br>စီးပွားရေးအတွက် – ဆေး | ၂၇ |
| ၇။ | ရောဂါတစ်ခု ကူးစက်ပြန့်ပွားရင်<br>လုပ်ငန်းတွေ ဘာလုပ်ကြမလဲ | ၃၃ |
| ၈။ | ကိုရိုနာဗိုင်းရပ်စ်အကျပ်အတည်းကို<br>စီးပွားရေးလုပ်ငန်းတွေက ဘယ်လိုကျော်လွှားကြမလဲ | ၃၈ |
| ၉။ | ကိုရိုနာဗိုင်းရပ်စ်နဲ့ အာရှနိုင်ငံများ | ၅၁ |
| ၁၀။ | ကိုရိုနာဗိုင်းရပ်စ်နှင့် ပတ်သက်သည့်<br>နောက်ဆုံးအခြေအနေ အချက်အလက်များ | ၅၈ |


❖

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## ဘယ်ဆေးစွမ်းမလဲ

အရောင်းကွင်းဆက် (Supply Chain) တွေ ကမောက်ကမဖြစ်တာ မဆန်းပါဘူး။ အဲဒီပြဿနာတွေကို စီးပွားရေးနည်းလမ်းတွေ သုံးနေကျနည်းလမ်းတွေနဲ့ ဖြေရှင်းလို့ရပါတယ်။ ဒါပေမဲ့ အခု ကိုရိုနာဗိုင်းရပ်စ်ကြောင့်ဖြစ်ရတဲ့ အရောင်း ကွင်းဆက်ပြဿနာကတော့ တစ်မျိုးပါ။

သေချာပေါက်ပြောနိုင်တာက ကိုရိုနာဗိုင်းရပ်စ်အသစ်ဟာ အမေရိကန်ရဲ့စီးပွားရေးကို သေချာပေါက် ဒုက္ခပေးမှာပါ။ စတော့ရှယ်ယာဈေးကွက်ကိုကြည့်ရင် ဒီရောဂါပိုးဟာ နှစ်ရှည်လများ စီးပွားရေးနေ့ကွေး ကျဆင်းသွားအောင် လုပ်နိုင်တယ်ဆိုတာ တွေ့ရတယ်။

အထူးသဖြင့် ဒီအကျပ်အတည်းဟာ အစိုးရက ခါတိုင်းစီးပွားရေးတည်ငြိမ်အောင်ဆိုပြီး သုံးတဲ့နည်းတွေနဲ့ အံမဝင်တော့ပါဘူး။ စီးပွားရေးတိုးတက်မှု နှေးကွေးပြီဆိုရင် ရောဂါပိုးရဲ့ဖြစ်ရတဲ့ စီးပွားရေးအကျိုးသက်ရောက်မှုနဲ့ အစိုးရက စီးပွားရေးတိုးတက်အောင် သုံးတဲ့နည်းလမ်း၊ ကိုက်ညီမှုမရှိလို့ တစ်နည်းပြောရရင် အနာနဲ့ဆေး မတည့်လို့ဘဲ ဖြစ်ပါလိမ့်မည်။

အတိုးနှုန်းတွေလျှော့လိုက်တော့ ငွေချေးရတဲ့စရိတ် သက်သာနိုင်တယ်။ အစုရှယ်ယာဈေးတွေ တက်တယ်။ ဒါပေမဲ့ အလုပ်သမားတွေ ဖျားနာနေလို့ ပိတ်လိုက်ရတဲ့ စက်ရုံတွေကနေ၊ ပစ္စည်းတွေထွက်လာအောင် လုပ်မပေးနိုင်ပါဘူး။ အစိုးရတွေက လူတွေအိတ်ထဲ ငွေတွေရောက်အောင် ထည့်ပေးနိုင်တယ်။ အခွန်ပြန်ဆပ်တာမျိုးတွေ

mgyoe.com

 mgyoe.com 




လုပ်နိုင်တယ်။ ဒါပေမဲ့ စတိုးဆိုင်တွေက ဟာလာဟင်းလင်းဖြစ်နေတဲ့ စင်တွေပေါ်ကို ပစ္စည်းတွေရောက်အောင် တင်မပေးနိုင်ပါဘူး။

ထိခိုက်ဆုံးရှုံးမှုနည်းစေဖို့ လုပ်ဆောင်ရာမှာ သဘာဝအရကိုက မူဝါဒအပေါ် ကန့်သတ်မှုတွေ ရှိနေရုံသာမက စီးပွားရေးနဲ့ နိုင်ငံရေးနောက်ခံတွေကလည်း အားမကောင်းကြပါဘူး။ ဗဟိုဘဏ်က အတိုးနှုန်းကို အတော်နိမ့်အောင် ချထားပြီး ဖြစ်လို့ ထပ်နိမ့်အောင်ချဖို့ မလွယ်လှပါဘူး။ သမ္မတက ပြန်ပြီးအရွေးကောက်ခံရဖို့ ကြိုးစားနေချိန် ကွန်ဂရက်လွှတ်တော်မှာ သူ့ပါတီ၊ ကိုယ့်ပါတီ သဘောထားတွေ ကွဲနေကြပါတယ်။

ကိုရိုနာဗိုင်းရပ်စ်ကို မီးလောင်တာနဲ့ ဥပမာပေးရမယ်ဆိုရင် စီးပွားရေးမကျဆင်းအောင် ကြိုးစားနေတဲ့သူတွေဟာ ပစ္စည်းမစုံမလင်နဲ့ မီးသတ်နေရတဲ့သူတွေနဲ့ တူပါတယ်။ သူတို့အချင်းချင်းကလည်း ရန်ဖြစ်နေသေးတယ်။ မီးတောက်ကို ငြိမ်းသတ်ဖို့ လိုအပ်တဲ့ ဓာတုဗေဒဆေးတွေလည်း မရှိ။

mgyoe.com

mgyoe.com


ခုလိုအခြေအနေမျိုးမှာ ဘဏ္ဍာရေးနဲ့ ငွေကြေးမူဝါဒတွေ ဘယ်လိုပေါင်းစည်းဆောင်ရွက်နိုင်ကြမလဲ။ အခုဟာက အရောင်းကွင်းဆက် ကမောက်ကမ မဖြစ်တာကို လျော့ပါးအောင် ဒုတိယအဆင့် အကျိုးသက်ရောက်မှုတွေ လျော့နည်းအောင် လုပ်နေတာမျိုးပါ။ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်အတွင်း လအတန်ကြာ စီးပွားရေးကျဆင်းတဲ့ စီးပွားရေးတုံ့နှေးမှုမျိုး အမေရိကန်မှာ မဖြစ်ခဲ့ပါဘူး။ အခုဖြစ်ခဲ့ရင်တော့ အလုပ်လက်မဲ့တွေတိုးဖို့ ဝင်ငွေတွေ လျော့ကြဦးမယ်။ အရင်တုန်းက ကြုံတွေ့ခဲ့ရတဲ့ စီးပွားရေးကျဆင်းမှုတွေ အတော်များများနဲ့ မတူတဲ့ စီးပွားရေးကျဆင်းမှုကို တွေ့ကြုံရမယ်။

ကိုရိုနာဗိုင်းရပ်စ်ကြောင့် အဓိကဖြစ်ရတဲ့ အရောင်းကွင်းဆက်ပြဿနာက ပစ္စည်းတွေကို ထုတ်လုပ်နိုင်စွမ်း မရှိတာပါ။ တရုတ်က အလုပ်သမားတွေကို သီးခြားခွဲထုတ်ထားတော့ စက်ရုံလာပြီး အလုပ်လုပ်ကြ၊ ထုတ်လုပ်နိုင်ကြခြင်း မရှိတော့ဘူး။ ဒါကြောင့် ကမ္ဘာပေါ်က နေရာတချို့မှာသာ ထုတ်လုပ်နိုင်တဲ့ တချို့ပစ္စည်းတွေ ပြတ်တောက်သွားစေခဲ့ပါတယ်။

နိုင်ငံစုံကုမ္ပဏီကြီးတွေက နည်းနည်းနဲ့ ကျဲကျဲဝိုင်းပြီး၊ ကုန်ပစ္စည်းလက်ကျန် နည်းနည်းပဲထားတယ်။ တစ်နေရာနဲ့တစ်နေရာ အချိန်ကိုက် ပစ္စည်းပေးပို့ရယူတဲ့ နည်းကို သုံးတယ်။ အများကြီး သိုလှောင်မထားဘူး။ တရုတ်စက်ရုံတွေကို အားကိုးနေရတဲ့ အမေရိကန်ကုမ္ပဏီတွေအနေနဲ့ အဓိကကျတဲ့ပစ္စည်းတွေ ပြတ်လာနေပြီ။ မကြာမီမှာ ပစ္စည်းတွေ အကြီးအကျယ် ပြတ်တောက်စရာရှိပါတယ်။ ဒါပေမဲ့ ဘောဂဗေဒပညာရှင် အတော်များများကတော့ ကမ္ဘာ့အရောင်းကွင်းဆက် ဘယ်လိုရောယှက်ချိတ်ဆက်နေတယ်ဆိုတာ နားမလည်ကြပါဘူး။ အထူးသဖြင့် ဆေးဝါးနဲ့ အီလက်ထရွန်းနစ်ပစ္စည်းတွေ ထိတော့မယ်။


အခုလို ပစ္စည်းပြတ်တာမျိုးကို နိုင်ငံအဆင့် စီးပွားရေးမူဝါဒ (Macroeconomic Policies)တွေက လုပ်လို့မရပါဘူး။

ဒါပေမဲ့ အရောင်းကွင်းဆက် ကမောက်ကမကနေ အဝယ်ကွင်းဆက် ကမောက်ကမအဖြစ်ကို ပြောင်းသွားပြီး အဝယ်မလိုက်ကြတော့ဘူး ဆိုရင်တော့ နိုင်ငံအဆင့် စီးပွားရေးမူဝါဒတွေက အကူအညီပေးနိုင်ပါတယ်။

ဥပမာပေးရရင် ဘာပစ္စည်းမှ စင်ပေါ်မှာမရှိတဲ့ စတိုးဆိုင်တစ်ဆိုင်ဟာ အရောင်းကွင်းဆက်ပြဿနာနဲ့ ကြုံတွေ့နေရပြီး စင်ပေါ်မှာ ပစ္စည်းအပြည့်ရှိပြီး၊ ဝယ်သူမရှိတဲ့ စတိုးဆိုင်ဟာ အဝယ်ကွင်းဆက်ပြဿနာနဲ့ ရင်ဆိုင်တွေ့ကြုံနေရပါတယ်။

mgyoe.com

mgyoe.com


ရေတိုမှာ အရောင်းတိုးလာအောင်လုပ်တာထက် အဝယ်တိုးလာအောင် လုပ်တာက ပိုလွယ်ပါတယ်။ ဒါပေမဲ့ အရောင်းပြဿနာတွေကနေ အဝယ်ပြဿနာ၊ အဝယ်ပြဿနာတွေကနေ အရောင်းပြဿနာ၊ အပြန်အလှန် ဖြစ်သွားစေနိုင်ပါတယ်။

ပထမတော့ စတိုးဆိုင်မှာ ပစ္စည်းပြတ်၊ နောက်ကျတော့ လူတွေက စတိုးဆိုင် မသွား၊ အလုပ်တွေပြုတ်၊ ဝင်ငွေမရှိ၊ ဘာမှမဝယ်နိုင်တော့တဲ့ အဖြစ်မျိုး၊ အန္တရာယ်မျိုး ကို အခုကြုံတွေ့နေရပါတယ်။

အခုဆိုရင် အီတလီမှာ လူတွေ နေ့စဉ်ဒုက္ခရောက်၊ ကမ္ဘာလှည့်ခရီးသည်တွေက အလာနည်း၊ လူတွေက စတိုးဆိုင်တွေကို ရောဂါကူးစက်မှာ စိုးရိမ်ပြီး မလာကြ။ ဆိုင်ဝန်ထမ်းတွေ အလုပ်ပြုတ်ရာကြမယ်။ ဝင်ငွေတွေလျော့မယ်။ ဈေးဝယ်နိုင်မှာ မဟုတ်ဘူး။ ဘယ်လိုပစ္စည်းကိုမှ မဝယ်နိုင်တော့ဘူး။ ဒါဆိုရင် စီးပွားရေးကျမယ်။

ဒီလိုပဲ ဘဏ္ဍာရေးဈေးကွက်က မလှုပ်ရှားရင် စီးပွားရေးလုပ်ငန်းတွေ ဒေဝါလီ ခံရမယ်။ ချေးငွေမရဘူး။ တချို့လုပ်ငန်းတွေက ဝန်ထမ်းလျှော့မယ်။ တချို့အလုပ်ရုံ တွေက ပိတ်ပင်မယ်။

ဒါကြောင့် စီးပွားရေးမူဝါဒဟာ အရောင်းကွင်းဆက်ပြဿနာကို ဖြေရှင်းဖို့ မဟုတ်ဘဲ၊ အရောင်းပြဿနာကနေ အဝယ်ပြဿနာ ဖြစ်မသွားစေဖို့ဘဲ ဖြစ်ပါတယ်။ အစိုးရက အခွန်သက်သာခွင့်တွေ၊ အလုပ်လက်မဲ့ ထောက်ပံ့ကြေးတွေပေးတယ်။

mgyoe.com

mgyoe.com


အတိုးနှုန်းတွေ ချတယ်။ ဒီလိုနည်းနဲ့ စီးပွားရေးလုပ်ငန်းတွေနဲ့ ပြည်သူတွေ အကျပ်အတည်း တွေ့နေချိန်မှာ လုပ်သာကိုင်သာ ရှိစေတယ်။ အသက်ရှူချောင်စေတယ်။

ဒါပေမဲ့ ကိုရိုနာဗိုင်းရပ်စ် အမေရိကန်မှာ ပျံ့နှံ့သွားခဲ့ပြီဆိုရင်တော့ တားဆီးတာတွေ၊ ပိတ်ဆို့တာတွေ ကြုံလာပြီး၊ ဘာတွေဖြစ်မလဲဆိုတာ မှန်းဆရခက်တယ်။ လူတွေက ခရီးမသွားကြ၊ ဈေးမဝယ်ကြ၊ အလုပ်မလုပ်ကြတော့ဘူးဆိုရင် ဝန်ဆောင်မှုကဏ္ဍ ဘယ်လိုလုပ် ရှင်သန်နိုင်မလဲ။

၂၀၀၁ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့မှာ အမေရိကန်၊ နယူးယောက်မြို့က ကမ္ဘာ့ကုန်သွယ်ရေးအဆောက်အအုံကို အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ခဲ့ပါတယ်။ လေကြောင်းခရီးသွားလာမှုတွေကို ခေတ္တပိတ်ခဲ့ပါတယ်။ ဒါပေမဲ့ အမေရိကန်အတော်များများက အလုပ်များမပျက်ခဲ့ပါဘူး။ အခုလည်း ဘယ်လိုဖြစ်မလဲဆိုတာ မှန်းဆလို့ မရသေးပါဘူး။ ကိုယ်ကြိုက်သလို တွေးလို့ရပါတယ်။

ဖြေရှင်းနိုင်တဲ့နည်းလမ်းတွေလည်း များများစားစားတော့ ရှိမနေပါဘူး။ အရောင်းဘက်ကပြဿနာနဲ့ ပတ်သက်လို့ ချက်ချင်း အရောင်းတက်လာအောင်၊ ပစ္စည်းတွေ ထုတ်လုပ်နိုင်အောင် လုပ်လို့မရပါဘူး။ အရောင်းပြဿနာကနေ အဝယ်ပြဿနာ ဖြစ်လာပြီဆိုရင် ဗဟိုဘဏ်က ဘယ်လောက်လုပ်နိုင်သလဲ၊ ဘယ်လောက် အကျိုးရှိသလဲဆိုတာ တွေ့ရမှာပါ။

အကောင်းဆုံးကတော့ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှု အစီအစဉ်တွေက ရောဂါကို ထိထိရောက်ရောက် ထိန်းချုပ်နိုင်ပြီး၊ စီးပွားရေးမီးသတ်သမားတွေရဲ့ အကူအညီ သိပ်ပြီးမလိုအပ်တာပါပဲ။

**ညွှန်း** – Why a Coronavirus recession would be so hard to contain in the New York Times, Mar 2nd ,2020

❖

mgyoe.com

mgyoe.com

## ကူးစက်ရောဂါနဲ့ ကမ္ဘာ့စီးပွားရေး

တရုတ်နိုင်ငံမှာ စတင်ဖြစ်ပွားကူးစက်လာခဲ့တဲ့ ကိုရိုနာဗိုင်းရပ်စ်ဟာ တရုတ်ရဲ့ ပို့ကုန်တွေကို တင်ပို့ရောင်းချခြင်းမျိုး မပြုနိုင်ဘဲ၊ ကမ္ဘာ့အရောင်းကွင်းဆက်တစ်ခုလုံးကိုပါ ကမောက်ကမ ဖြစ်ကုန်ပါတော့တယ်။ ကူးစက်ရောဂါထိန်းချုပ်နိုင်ဖို့ နှစ်သစ်ကူးအားလပ်ရက်တွေ တိုးပေးခဲ့ရပါတယ်။ အခုဆိုရင်တော့ အလုပ်သမားတွေ၊ အလုပ်ခွင်ပြန်ဆင်းကြဖို့ အချိန်တန်ပေမဲ့ ကုမ္ပဏီအတော်များများက ပြန်မစကြသေးပါဘူး။ စားသုံးသူတွေကလည်း စတိုးဆိုင်တွေ၊ စားသောက်ဆိုင်တွေကို မသွားကြသေးသလို၊ သယ်ယူပို့ဆောင်ရေးတွေကလည်း ချောမွေ့မနေပါဘူး။

ဒါကြောင့် ဗိုင်းရပ်စ်ရယ်၊ ဗိုင်းရပ်စ်ကို ထိန်းချုပ်ဖို့ ကြိုးစားတာတွေရယ်ဟာ လောလောဆယ်မှာ ကမ္ဘာ့စီးပွားရေးအတွက် ရောမခြိမ်းခြောက်မှုကြီး ဖြစ်နေပါတယ်။ ဒီတစ်ခါဖြစ်ရပ်ဟာ ၂၀၀၂ ခုနှစ်က ဖြစ်ခဲ့တဲ့ ဆားစ် (SARS) ရောဂါထက်တောင် ဆိုးပါတယ်။ ဘာလို့လဲဆိုတော့ တရုတ်ရဲ့ စီးပွားရေးအဆောက်အအုံဟာ ဟိုတုန်းကထက် လေးဆကြီးနေပြီး ကျန်တဲ့ကမ္ဘာ့ဒေသအသီးသီးနဲ့ ချိတ်ဆက်မှု ပိုပြီးများလာတဲ့အတွက်ကြောင့်ပါ။

ဒါကြောင့် ၂၀၂၀ ပထမသုံးလပတ် တရုတ်ရဲ့စီးပွားရေး တိုးတက်မှုနှုန်းဟာ မနှစ်က အလားတူကာလမှာ ၄.၆% ရှိခဲ့ပေမဲ့ အခုတော့ ၁.၅% လျော့သွားမယ်။ ကမ္ဘာ့စီးပွားရေးဟာလည်း ၀.၅% လျော့မယ်လို့ တွက်ဆကြပါတယ်။ အခုလို လျော့ချခန့်မှန်းကြတာဟာ ၂၀၀၈–၂၀၀၉ မှာဖြစ်ခဲ့တဲ့ ကမ္ဘာ့စီးပွားရေးနှေးကွေးမှု နောက်ပိုင်းမှာ အနိမ့်ဆုံး ဖြစ်ပါတယ်။

mgyoe.com




တရုတ်ဟာ လျှပ်စစ်နဲ့အီလက်ထရွန်းနစ်ပစ္စည်းတွေ၊ ဂျာမနီထက် ၅ ဆ၊ ကမ္ဘာ့ပို့ကုန်ရဲ့ ၃၀ % ကို တင်ပို့ရောင်းချတာပါ။ ဒါကြောင့် အီလက်ထရွန်းနစ်ပစ္စည်းနဲ့ ကွန်ပျူတာတွေ ထုတ်လုပ်တင်ပို့မှုကို ထိခိုက်ပါတယ်။ ရောဂါစဖြစ်ပွားတဲ့ ဝူဟန်ဟာ မော်တော်ကားပစ္စည်းတွေ ထုတ်လုပ်ရာ အချက်အချာဖြစ်ပြီး၊ လွန်ခဲ့တဲ့ ဆယ်နှစ်အတွင်း အင်ဂျင်နဲ့ မော်တာထုတ်လုပ်မှု လေးဆ တက်ခဲ့ပါတယ်။ အခုတော့ အဲဒီစက်ရုံတွေ ပိတ်ထားပါတယ်။

ဒါကြောင့် ကမ္ဘာမှာရှိတဲ့ ကားစက်ရုံတွေတောင် ကားပစ္စည်းရဖို့ ခက်လာပါတယ်။ မကြာမီမှာ ပိတ်ကြရမယ့် အလားအလာ ရှိနေပါတယ်။ ဥပမာ– အမေရိကန်– အီတလီ ကားကုမ္ပဏီ Fiat Chrysler ပေါ့။ ဟွန်ဒိုင်းကလည်း တောင်ကိုးရီးယားက စက်ရုံတွေကို ပိတ်မယ်တဲ့။ Volkswagen ကတော့ ဖေဖော်ဝါရီ ၁၇ ရောက်မှ တရုတ်က စက်ရုံတွေကို ပြန်လည်ပတ်မယ်တဲ့။

အာရှက ထွန်းသစ်စနိုင်ငံတွေလည်း အထိနာကြပါတယ်။ တောင်ကိုးရီးယား၊ ဗီယက်နမ်၊ အင်ဒိုနီးရှားနဲ့ ဖိလစ်ပိုင်တို့ရဲ့ ကုန်ချောသွင်းကုန်သုံးပုံတစ်ပုံဟာ တရုတ်က လာတာပါ။ ဒါကြောင့် ထွန်းသစ်စ အာရှနိုင်ငံတွေဟာ အထိအနာဆုံးလို့ ဆိုနိုင်ပါတယ်။

တစ်ဖက်ကကြည့်ပြန်တော့ တရုတ်အလုပ်သမားတွေ အလုပ်ပိတ်၊ အိမ်မှာပဲ

mgyoe.com

mgyoe.com

နေနေကြတာ၊ ဝယ်လိုအား လျော့နည်းသွားစေပါတယ်။ တရုတ်ဟာ ကမ္ဘာ့သွင်းကုန်ရဲ့ ၁၁% ကို သွင်းတာပါ။ လွန်ခဲ့တဲ့ အနှစ် ၂၀ တုန်းကတော့ ကမ္ဘာ့သွင်းကုန်ရဲ့ ၂.၇% ပဲ ရှိခဲ့တယ်။ ကမ္ဘာ့ဒုတိယအကြီးဆုံး တင်သွင်းတဲ့နိုင်ငံ ဖြစ်နေပါပြီ။

နာမည်ကျော်တံဆိပ်တွေဖြစ်တဲ့ Levi Strauss, Ikea, H+M, Nike နဲ့ Starbucks တို့လည်း တရုတ်မှာ ဆိုင်တွေ ပိတ်ထားကြပါတယ်။ ရှန်ဟိုင်းနဲ့ ဟောင်ကောင်က ဝေါ့ဒစ္စနေလုပ်ငန်းတွေလည်း ပိတ်ထားကြပါတယ်။

တရုတ်ကို လာရောက်လည်ပတ်တဲ့ ကမ္ဘာလှည့်ခရီးသည်တွေလည်း နည်းသွားပါပြီ။ အခုဆို မတ်၊ ဧပြီ အထိ လေကြောင်းလိုင်း ၂၀ က ခရီးစဉ်တွေ ဖျက်ထားပါတယ်။ တရုတ်က ခရီးသည် သန်း ၁၅၀ လောက် နှစ်စဉ်ခရီးထွက်ပြီး ဒေါ်လာ ၂၇၉ ဘီလီယံလောက် သုံးတာဆိုတော့ ခုအတိုင်းဆို နိုင်ငံတကာ ခရီးသွားလုပ်ငန်းလည်း ထိခိုက်ပါတယ်။ ခရီးသည်တွေ ကြိုတင်စာရင်းသွင်းထားတာတွေ ဖျက်ကုန်ကြလို့ပါ။ တရုတ်တွေအသွားများတဲ့ ဂျပန်၊ တောင်ကိုးရီးယားနဲ့ ထိုင်းတို့ ထိခိုက်ပါတယ်။

တရုတ်ဟာ ကမ္ဘာပေါ်မှာ သတ္တုတွေ၊ သံရိုင်းတွေလို ကုန်ကြမ်းတွေကို အများဆုံးတင်သွင်းတဲ့ နိုင်ငံပါ။ ချီလီတို့၊ နိုက်ဂျီးရီးယားတို့ကို လောလောဆယ်မှာ ကြေးတွေ မပို့ဘဲထားဖို့နဲ့ စက်ရုံတွေ ပိတ်ထားတယ်ဆိုတာကို စ ကြော်ငြာခဲ့ပါတယ်။

ဒုတိယ လေးလပတ်လောက်ရောက်ရင် တရုတ်ပြန်ဦးမော့နိုင်ကောင်းရဲ့။ ကပ်ကျော်ကောင်းရဲ့လို့ တွက်ဆနေကြပါတယ်။ ဒါပေမဲ့ အဲသလို ကပ်ကျော်ရင်တောင်မှ ဆုံးရှုံးထိခိုက်သွားတာတွေ ကာမိဖို့ အတော်လုပ်ကြရမယ့်သဘော ရှိပါတယ်။

တရုတ်စီမံကိန်းဌာနကတော့ ကိုယ့်ဒေသမှာ ကူးစက်ပြန့်ပွားမှု အခြေအနေကို ကြည့်၊ ကိုယ့်ဘာသာတွက်ဆပြီး ပြည်နယ်တွေ၊ မြို့တွေမှာ လုပ်ငန်းတွေပြန်စဖို့ ပြောဆိုညွှန်ကြားတာ တွေ့ရပါတယ်။

တရုတ်–အမေရိကန် ကုန်သွယ်ရေးစစ်ကြောင့် ၂၀၁၈ ဖေဖော်ဝါရီလကစလို့ အမေရိကန်ကုမ္ပဏီတွေဟာ ဒေါ်လာ ၄၆ ဘီလီယံ နစ်နာခဲ့ပါတယ်။ ၂၀၁၉ မှာ အတိုးနှုန်း သုံးခါတောင် ချခဲ့တယ်။ ခုတော့ ပထမအဆင့် သဘောတူညီချက် ရခဲ့ပါပြီ၊ ဒါပေမဲ့ အခွန်တွေကတော့ ကောက်နေတုန်းပါ။

တရုတ်ကလုပ်ငန်းတွေ မလည်ပတ်နိုင်လေ၊ ကမ္ဘာ့စီးပွားရေးနှေးလေ ဖြစ်မှာပါ။ ခုကြုံတွေ့နေရတာ၊ ဥရောပရဲ့ မြေရှင်ပဒေသရာဇ်ခေတ် ရောက်နေတာနဲ့တူတယ်။ မြို့တိုင်းက စစ်ဟယ် ဆေးဟယ် ပြန်စစ်ဟယ်နဲ့ လုပ်နေကြရတာ။

mgyoe.com

mgyoe.com


ကူးစက်တဲ့နှုန်းက မြင့်နေ၊ တရုတ်ပြည်နဲ့ အဆက်အစပ်မရှိတဲ့သူလည်း ကူးစက်ခံရ၊ သေဆုံးတဲ့ဦးရေ ၁၀၀၀ ကျော်လာပေမဲ့ သေဆုံးတဲ့နှုန်း လျော့လာတယ်ဆိုတဲ့အတွက် အားတက်စရာ ဖြစ်ပါတယ်။ ဒါပေမဲ့ တရုတ်စက်ရုံ၊ တရုတ်ကုန်သွယ်ရေး ပြန်လည်ပတ်ဖို့ အချိန်အတော်ပေးရဦးမယ့်သဘော ရှိတယ်။

တခြားဟာမပြောနဲ့၊ တရုတ်က လုပ်ငန်းရှင်တွေ၊ ပညာရှင်တွေ နှစ်စဉ်တွေ့ဆုံနေကြ၊ တရုတ်စီးပွားရေးဖိုရမ်ကို မတ်လမှာ လုပ်ဖို့ရှိပေမဲ့ အကန့်အသတ်မရှိ၊ ရွှေ့ဆိုင်းလိုက်ရတာကိုပဲကြည့်လေ။

ပြောစရာတစ်ခုရှိတာက အွန်လိုင်းက မှာကြဝယ်ကြလို့ အပြင်ဈေးကွက်ထက်၊ အွန်လိုင်းအရောင်းအဝယ် ပိုသွက်လာပါသတဲ့။ သဘော်ာကျင်းတွေကျပြန်တော့ ဖွင့်တယ်ဆိုပေမဲ့ အလုပ်သမားတွေကမလာ။ အလုပ်ပြီးရမယ့်ရက်တွေ နောက်ဆုတ်ပေးရ။ ရပ်ဝေးကလာပြီး အလုပ်လုပ်တဲ့သူတွေက ပြန်မလာ။ ကလေးတွေရဲ့ ကျောင်းတွေလည်း ပိတ်၊ ပလတ်စတစ်တွေ၊ သံတွေနဲ့ထုပ်ပိုးတဲ့ လုပ်ငန်းတွေက ကုန်ကြမ်း




mgyoe.com

mgyoe.com

မရှိလို့ ရပ်။ အလုပ်လာဆင်းတဲ့သူတွေကိုလည်း အရင်ဆုံးဆေးစစ်။ ကျန်းမာရေးဌာန သဘောမတူရင် ရုံးတွေ၊ လုပ်ငန်းတွေ ပြန်ဖွင့်လို့မရ။ ခွင့်ပြုချက်ရတာက အနည်းစု။

အမေရိကန်တွေက တရုတ်ကို အားမကိုးရအောင် ကြိုးစားနေတာတော့ တရုတ်–အမေရိကန် ကုန်သွယ်ရေးစစ် ဖြစ်ကတည်းကပါ။ ဒါပေမဲ့ အီလက်ထရွန်းနစ်ပစ္စည်းတွေအစ တံခါးပတ္တာတွေအဆုံး၊ တရုတ်က တင်သွင်းနေရတုန်းပါ။ တရုတ်စက်ရုံတွေ ပိတ်ထားရင် တရုတ်အစိုးရက ပိတ်လို့လည်းမဟုတ်၊ အမေရိကန်အစိုးက တားလို့လည်းမဟုတ်ဘဲ၊ အမေရိကန်နဲ့ မက္ကဆီကိုက မော်တော်ကားစက်ရုံတွေ ထိခိုက်မှာပါ။

ရောဂါကူးစက်ပြန့်ပွားမှုအရှိန်ကြောင့် သံရိုင်းဈေးကွက်က ၁၀%၊ ကြေးနဲ့ နီကယ်က ၈% ၊ ဇင့်နဲ့သွပ်က ၅% ကျဆင်းခဲ့ပါတယ်။ သဘာဝဓာတ်ငွေ့နဲ့ ရေနံဈေးတွေလည်း ကျဆင်းခဲ့ပါတယ်။ မြောက်အာရှသဘာဝဓာတ်ငွေ့ရည်ဆိုရင် ၃၀% ကျဆင်းခဲ့ပါတယ်။ ကြေးဟာ စက်မှုလုပ်ငန်းနဲ့ ဆက်စပ်မှုကြီးမားတဲ့အတွက်၊ သူ့ကိုကြည့်ပြီး ကမ္ဘာ့စီးပွားရေးကို ခန့်မှန်းကြပါတယ်။ ထုံးစံအတိုင်း အမှန်တကယ် ဖြစ်သင့်တာထက် ဈေးကစားကြလို့၊ ဈေးအလှုပ်အယမ်း ပိုကြီးတာပါ။ အခြေအနေ ပြန်ကောင်းမလာသေးခင် ပိုဆိုးနိုင်သေးတယ်လို့လည်း တွက်ဆနေကြပါတယ်။

ပြောမယ့်သာပြောရတာ၊ ဗိုင်းရပ်စ်မပြန့်မီကတည်းက ကမ္ဘာ့စီးပွားရေးအဆောက်အအုံ အားနည်းနေပြီးသားပါ။ ဒါကြောင့် ရောဂါကူးစက်တာ ရပ်သွားတာတောင်မှ ကမ္ဘာ့စီးပွားရေး အထနှေးနေ နိုင်ပါသေးတယ်။

စီးပွားရေး ဖြည်းဖြည်းကျဆင်းပြီး၊ အောက်ခြေရောက်ရင်လည်း ဖြည်းဖြည်းချင်း ပြန်တက်တဲ့ အင်္ဂလိပ်အက္ခရာ V ပုံသဏ္ဌာန် တိုးတက်မှုမျိုး ဖြစ်နိုင်တယ်လို့ မှန်းဆချက်တွေရှိပေမဲ့ သဘောမတူသူတွေလည်း ရှိနေပါသေးတယ်။

**ညွှန်း** –Newyork Times,Financial Times.

၁၂.၀၂.၂၀၂၀

❖

mgyoe.com

mgyoe.com

## တရုတ်ဆေးကို အားကိုးရသောအခါ

၂၀၂၀ ဇန်နဝါရီလလောက်အထိ ဆေးဝါးလုပ်ငန်းက အရာရှိကြီးတွေ၊ ဆေးဝါးစစ်ဆေးရေးအရာရှိကြီးတွေနဲ့ တရုတ်နဲ့ပတ်သက်ပြီး တက်ကြွလှုပ်ရှားနေသူတွေအနေနဲ့ ပဋိဇီဝ (Antibiotion) ကမ္ဘာ့ဈေးကွက်ရဲ့ဝေစုကို တရုတ်စက်ရုံတချို့ကပဲ လက်ဝါးကြီးအုပ်ထားတဲ့ ကိစ္စနဲ့ပဲ ပတ်သက်လို့ စိုးရိမ်ပူပန်ကြတယ်။ တချို့စက်ရုံတွေက မွန်ဂိုလီးယားအတွင်းပိုင်းက သဲကန္တာရတွေ၊ မြက်ရိုင်းတောတွေ၊ စက်မှုမြို့တွေမှာ ရှိနေကြတာဖြစ်ပါတယ်။

ဒီလိုနဲ့ ဝူဟန်ကနေ ကိုရိုနာဗိုင်းရပ်စ် ၁၉ ပြန့်ပွားလည်းလာရော၊ တရုတ်က စက်ရုံတွေ၊ ဆိပ်ကမ်းတွေ၊ မြို့တွေ ပိတ်ဟယ် ဆို့ဟယ် ဖြစ်ကုန်ပါရောလား။

တရုတ်ခေါင်းဆောင်တွေကတော့ ဗိုင်းရပ်စ်ကို နိုင်တော့မယ်တဲ့။ အရေးပါတဲ့ စက်ရုံကြီးတွေကို ပြန်ဖွင့်မယ်။ ကမ္ဘာ့အရောင်းဈေးကွက်ကို ပြန်ရှင်သန်အောင် လုပ်မယ်တဲ့။ ကိုရိုနာဗိုင်းရပ်စ်ကို အနိုင်ရတာဟာ တရုတ်ကွန်မြူနစ်ပါတီရဲ့ ခေါင်းဆောင်မှု ပြောင်မြောက်တာကို ထပ်မံပြသလိုက်တာ ဖြစ်ပါသတဲ့။ ဖေဖော်ဝါရီလ ၂၃ ရက်နေ့ကပဲ တရုတ်သမ္မတကြီးက အရာရှိ ၁ သိန်း ၇ သောင်းလောက်ကို ဗီဒီယိုကွန်ဖရင့်လုပ်ပြီး ပြောခဲ့တာပါ။ သူပြောတာတွေအားလုံး မှန်လာခဲ့ရင်တောင် နိုင်ငံခြားအစိုးရတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေက ကြောက်စရာကောင်းတဲ့ သင်ခန်းစာ တစ်ခုကို ဘယ်တော့မှ မေ့မှာမဟုတ်ဘူး။

တချို့အရေးပါတဲ့ထုတ်ကုန်တွေ၊ ပစ္စည်းတွေတချို့အတွက်၊ နိုင်ငံတစ်နိုင်ငံကို

mgyoe.com

mgyoe.com




အားကိုးနေရတာ၊ ဘယ်လိုဒုက္ခရောက်နိုင်တယ်ဆိုတာ သင်ခန်းစာရပါပြီ။

တစ်ခါတုန်းကတော့ ဆေးဝါးစက်မှုလုပ်ငန်းမှာ တရုတ်ကြီးစိုးခဲ့တာကို ပညာရှင်တချို့သာ စိုးရိမ်ပူပန်ခဲ့ကြတာပါ။ အခုတော့ Active Pharmaceutical Ingredient (api) ကဏ္ဍအပေါ် တရုတ်က လွှမ်းမိုးထားတာကို အမေရိကန်နဲ့ ဥရောပမှာ မေးခွန်းထုတ်စရာ ဖြစ်လာပါတယ်။ api နဲ့ပတ်သက်လို့ တရုတ်ကိုပဲ အားကိုးနေရတာဟာ၊ နည်းပညာပိုင်းဆိုင်ရာ စိန်ခေါ်မှုတစ်ခုသာ မဟုတ်ပါဘူး။ တရုတ်က ဈေးကွက်ကို လွှမ်းမိုးတာဟာ သိပ်မကြာလှသေးပါဘူး။ အမေရိကန်ရဲ့ ပင်နီဆလင်စက်ရုံကို ၂၀၀၄ ခုနှစ်မှာ ပိတ်ပစ်ခဲ့ရပါတယ်။ အစိုးရက ထောက်ပံ့ကြေးပေးပြီး ထုတ်လုပ်နေတဲ့ တရုတ်နိုင်ငံပိုင်စက်ရုံတွေကို ဘယ်နိုင်ငံခြားစက်ရုံကမှ မပြိုင်နိုင်ကြတော့လို့ပါ။

ပြီးတော့ အပြောင်းအလဲလုပ်တယ်ဆိုတော့ အခြေကျပြီး နိုင်ငံရေး၊ စီးပွားရေး သဘောတရားတွေကို ဆုံးခန်းတိုင်စေပြီး၊ ပုဂ္ဂလိကကုမ္ပဏီတွေကို တန်ဖိုးအရှိဆုံး ပစ္စည်းတွေ (ပင်ရင်းက ဘယ်ကလာသည်ဖြစ်စေ) ထုတ်လုပ်ခိုင်းရတာ ဖြစ်ပါတယ်။ အခု ကိုဗစ် ၁၉ ဗိုင်းရပ်စ်ကြောင့် အမေရိကန်နဲ့ အခြားအနောက်နိုင်ငံတွေ တရုတ်နဲ့ အချိတ်အဆက်ပြတ်မယ့်လမ်းကြောင်း အရှိန်မြန်လာစေတော့မှာလားလို့ တွက်ဆ

mgyoe.com

mgyoe.com

နေကြပါပြီ။ တကယ်လည်း တချို့ကဏ္ဍတွေမှာ မြန်မြန်ဆန်ဆန်၊ ဖြန့်ခွဲမှုတွေ လုပ်နိုင်လာပါတယ်။ အချိန်ကာလတစ်ခုကတည်းက မထင်မရှားလုပ်နေကြတဲ့ လမ်းကြောင်းတွေ၊ လူမြင်သူမြင် ဖြစ်လာနိုင်ပါတယ်။

၂၀၁၉ ခုနှစ်တုန်းက တရုတ်ဆေးဝါးလုပ်ငန်းတွေကြောင့် တွေ့ကြုံရမယ့် အခွင့်အလမ်းနဲ့ စိန်ခေါ်မှုတွေကို အမေရိကန်ကွန်ဂရက်က နာကြားခဲ့ပါတယ်။ ဘယ်သူကမှ အလားအလာကောင်းကို မှန်းဆခြင်း မပြုနိုင်ကြပါဘူး။ တရုတ်ရဲ့ api ကို လွှမ်းမိုးတာဟာ အမျိုးသားလုံခြုံရေးအတွက် အန္တရာယ်ဖြစ်စေတယ်လို့ မြင်ခဲ့ကြပါတယ်။ ဒေါင့်သန်းရောဂါကာကွယ်ဆေးလို အစားထိုးလို့မရတဲ့ဆေးတွေ တရုတ်က မရောင်းတော့ရင် ဘယ်လိုဖြစ်မလဲဆိုတဲ့အထိ စိုးရိမ်ပူပန်ခဲ့ကြပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှု မဟာဗျူဟာ ဆရာတစ်ယောက်ကတော့ အပြန်အလှန် မှီခိုမှု ရှိနေတာကြောင့် တရုတ်နဲ့ အမေရိကန်ဆက်ဆံရေးဟာ တည်ငြိမ်မယ်၊ အန္တရာယ်ကင်းမယ်လို့ တွက်ဆခဲ့ကြတာပါတဲ့။ အခုလို သူ့ကိုယ်မယုံ၊ ကိုယ့်သူမယုံ ဖြစ်လာတဲ့ အခါကျတော့ အပြန်အလှန်မှီခိုမှုတွေဟာ စိုးရိမ်ပူပန်စရာတွေ ဖြစ်လာတယ်။ ကမ္ဘာပြုရေး Globalization ခေတ်သစ်ကို ထောက်ခံတဲ့ အယူအဆတွေဟာ အခုဆိုရင် မဆီလျော်တော့ဘူးတဲ့။



mgyoe.com

mgyoe.com




အမေရိကန်အနေနဲ့ အခြေခံကျတဲ့ ဆေးဝါးတွေအတွက် ပြင်ပက အရောင်းကွင်းဆက်ကို အားကိုးတာ များသွားပြီ။ အခုဆိုရင် ပြည်တွင်းမှာ ပြန်ထားဖို့လိုလာပြီလို့ သုံးသပ်ကြပါတယ်။ နိုင်ငံတွေအနေနဲ့ တချို့ထုတ်လုပ်ရေးလုပ်ငန်းတွေ၊ ကိုယ့်ရဲ့ထိန်းချုပ်မှုအောက်မှာ ရှိရမယ်ဆိုတာကို ချမ်းသာတဲ့နိုင်ငံ အတော်များများက သဘောပေါက်လက်ခံလာကြပြီ။

တရုတ်ရောက် ဥရောပသမဂ္ဂကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌကလည်း ဆေးဝါးတို့၊ ပိုးသတ်ဆေးတို့ကို တရုတ်က လွှမ်းမိုးထားတာဟာ စိုးရိမ်ပူပန်စရာလို့မြင်လာပါတယ်။ စိုးရိမ်မယ်ဆိုရင်လည်း စိုးရိမ်စရာပါ။ နိုင်ငံရေးအငြင်းပွားမှု တစ်စုံတစ်ခုနဲ့ကြုံရင် တခြားနိုင်ငံကို အပေါ်စီးကနေနေနိုင်ဖို့ ကုန်သွယ်ရေးကိုသုံးတဲ့ သာဓကတွေ ရှိခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်တုန်းက ဂျပန်ကို မြေရှား (Rare Earth) မရောင်းဘူးလို့ငြင်းခဲ့တာမျိုးပေါ့။ ဒါပေမဲ့ ဥက္ကဋ္ဌက တရုတ်ကနေ လုပ်ငန်းတွေ ထွက်သွားဖို့တော့ မမျှော်လင့်ထားပါဘူး။ အဲဒီလုပ်ငန်းတွေက ကဏ္ဍအတော်များများမှာ ကမ္ဘာ့စီးပွားရေးတိုးတက်မှုကို မောင်းနှင်နေတာ မဟုတ်လား။

ဒါပေမဲ့ စွမ်းရည်အမြင့်ဆုံး စရိတ်အသက်သာဆုံးနေရာတွေမှာသွားပြီး ကမ္ဘာအနှံ့ အစစအရာရာ ထုတ်လုပ်ဆိုတဲ့ ခေတ်တော့ ကုန်ပြီလို့ သူက ဆိုပါတယ်။

တစ်နည်းပြောရရင် စီးပွားရေးလုပ်ငန်းတွေက ကြက်ဥတွေကို တရုတ်ဆိုတဲ့

mgyoe.com

mgyoe.com


ခြင်းထဲစုထည့်တာ တော်တော်များသွားပါပြီ။ ဆယ်စုနှစ်တစ်ခုကျော်ပြီး အခုဆို လုပ်အားခတွေတက်လာ၊ ကုန်သွယ်ရေးတင်းမာမှုတွေဖြစ်၊ ဗိုင်းရပ်စ်ကလည်း ပြန့်ပွား ဆိုတော့ ကြက်ဥတွေကို ဘယ်သွားပြီး ဖြန့်ထားရမလဲဆိုတာ စဉ်းစားနေရပြီ။ တရုတ်လို အခြေခံအဆောက်အအုံလည်းကောင်း၊ တတ်လွယ်တဲ့လုပ်သားတွေ ဘယ်နိုင်ငံမှာ ရမလဲဆိုတာ ကြည့်နေကြပြီ။

ဒါပေမဲ့ တရုတ်ကိုရှောင်းဖို့ ထုတ်လုပ်တဲ့စက်ရုံတွေ ကျပြန်တော့လည်း အပြန်အလှန် အခွန်နှုန်းမြင့်ကြတာကို ရှောင်ရှားဖို့ တရုတ်မှာသွားပြီး၊ လုပ်ငန်းတွေတိုးချဲ့ဖို့ လိုလာတယ်။ နည်းပညာမြင့် စွမ်းရည်မြင့် ကုမ္ပဏီတွေ ကျပြန်တော့လည်း တရုတ်က အနာဂတ်ဈေးကွက် ဖြစ်တယ်။ (စက်ရုပ်တွေ၊ မောင်းသူမဲ့ကားတွေ၊ အင်တာနက်နဲ့ ချိတ်ဆက်လုပ်ရတဲ့ လုပ်ငန်းတွေပေါ့) သူတို့ကတော့ ဗိုင်းရပ်စ်ပြဿနာပြီးသွားရင် တရုတ်အာဏာပိုင်တွေ၊ အထူးတလည် သဘောကောင်းလာလိမ့်မယ်လို့ မျှော်လင့်နေကြပါတယ်။

ဗိုင်းရပ်စ်ရဲ့ အကျိုးသက်ရောက်မှုက ကုမ္ပဏီတွေရဲ့ထိပ်ပိုင်းမှာ ပြောင်းလဲစရာတွေ မြန်မြန်ဆန်ဆန်လုပ်ဖို့ပါ။ အထူးသဖြင့် နိုင်ငံစုံကုမ္ပဏီကြီးတွေဟာ တရုတ်လုပ်ငန်းခွဲတွေကို ဦးဆောင်ဖို့၊ အနောက်နိုင်ငံတွေမှာ ပညာသင်ကြားခဲ့တဲ့ တရုတ်အမှုဆောင်အရာရှိတွေကို ပိုပြီးလိုလား ခန့်အပ်လာကြတာ တွေ့ရပါတယ်။

အခုလို ကူးစက်ရောဂါဖြစ်လာတော့ တရုတ်မှာ ကျန်နေတဲ့ နိုင်ငံခြားသားတွေလည်း အမြန်ပြန်ကြဦးမှာပါ။ လေထုညစ်ညမ်းတာနဲ့ပဲ အတော်များများ ပြန်ကုန်ကြပြီ။ တရုတ်ဟာ အမျိုးသားရေး ပိုပြင်းထန်လာလေမလား။ အာဏာရှင်စနစ်ဘက်ကို ပိုယိမ်းယိုင်လာမလားလို့ စိုးရိမ်ပူပန်တာတွေလည်းရှိရဲ့။ အခုဆိုရင်ကို မိသားစုတွေနဲ့ ခွဲနေကြရ၊ ကလေးတွေ ကျောင်းထားဖို့က ခက် ဖြစ်နေကြတာကို။ ဒါကြောင့် နှစ်ပေါင်းများစွာ နေခဲ့တဲ့သူတွေတောင်မှ ခြေလှမ်းပြင်နေတာ တွေ့လာရတယ်။ သိပ်ပြီး တွန်းအားပေးစရာတောင် မလိုဘူး။

ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှု ပျောက်သွားရင်တောင်မှ တရုတ်နဲ့ပတ်သက်တဲ့ သင်ခန်းစာကို မေ့ဖို့မလွယ်ဘူး။ လုပ်ငန်းအားလုံး ထွက်ခွာဖို့ဆိုတာတော့ မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့ ကိုယ်ပေါင်းစိတ်ခွာ ဖြစ်လာတာကို တွေ့နေကြရပါပြီ။

**ညွှန်း** – The Economist Feb 29th, 2020

❖

mgyoe.com

mgyoe.com

## ကျန်းမာဖို့ ကြိုးစားနေတဲ့ တရုတ်ပြည်

တရုတ်နိုင်ငံရဲ့ တရားဝင်ရုံးပိတ်ရက်တွေ ကုန်ဆုံးသွားပေမဲ့ စီးပွားရေးလုပ်ငန်းတွေအတွက် စိတ်ဆင်းရဲစရာတွေတော့ မဆုံးသေးပါဘူး။ စက်ရုံတွေ ပြန်လည်ဖို့အတွက် လိုအပ်တဲ့အလုပ်သမားတွေက နှစ်ကူးနဲ့ အိမ်ပြန်သွားကြတာ၊ ကျေးလက်တွေမှာ ပိတ်မိနေကြပါတယ်။


ရှန်ဟိုင်းဘက်က အလုပ်အကိုင်ရှာဖွေရေးရုံးက သံတံခါးကြီးမှာ QR Code တွေ အများကြီးရှိတယ်။ အဲဒီ QR Code တွေကို တရုတ်မှာသုံးတဲ့ ဝီချက် (WeChat) နဲ့ ဖတ်လိုက်ပြီးရင် အလုပ်ရမယ်လို့ ကြေညာထားတယ်။ အများအားဖြင့်တော့ အလုပ်လာရှာကြတဲ့သူတွေက ကျေးလက်ကနေ ရွှေ့ပြောင်းလာကြတဲ့သူတွေပါ။ အရင်နှစ်တွေတုန်းကတော့ နှစ်သစ်ကူးပြီး နောက်တစ်ရက်မှာ အလုပ်သမားတွေ စုပြုံရောက်လာခဲ့ကြပါတယ်။ ဒါပေမဲ့ ဒီနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှာတော့ လူသူကင်းမဲ့လို့ နေပါတယ်။

ပြန်ဖွင့်တဲ့ အလုပ်သမားရှာဖွေရုံးလေးတစ်ရုံးကို အလုပ်လာလျှောက်တာ သုံးယောက်ပဲ ရှိပါသတဲ့။ မနှစ်ကဆို ပထမရက်မှာ အလုပ်လျှောက်တဲ့သူ ၁၀၀ ကျော် ရှိခဲ့ပါတယ်။

တစ်နည်းပြန်ကြည့်မယ်ဆိုရင်တော့ အလုပ်လာလျှောက်သူမရှိတာ ခပ်ကောင်းကောင်းလို့ ပြောရမှာပါ။ လာလျှောက်တဲ့သူ သုံးယောက်ပဲ ရှိတာတောင်မှ အလုပ်ရမသွားကြပါဘူး။ ဘယ်စက်ရုံကမှ အလုပ်သမား လိုချင်တယ်မပြောဘဲ၊ ဆက်ပိတ်

mgyoe.com

mgyoe.com


ထားဖို့ပဲ ကြံရွယ်နေကြတယ်။

ဒီနှစ်တော့ ဘယ်သူကမှ တရုတ်ဟာ ခါတိုင်းလို စီးပွားရေးလုပ်ငန်းတွေ ပုံမှန်ပြန်လည်ပတ်နိုင်မယ်လို့ မထင်ကြပါဘူး။ ဒီဇင်ဘာလကတည်းက ဝူဟန်မှာ တွေ့တဲ့ ဗိုင်းရပ်စ်ပိုးဟာ အခုဆို နိုင်ငံနှစ်ဒါဇင်လည်း ရောက်သွားခဲ့ပါပြီ။ ဒေသန္တရ အစိုးရတွေက ရုံးပိတ်ရက် ဆယ်ရက် ထပ်တိုးခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီဆယ်ရက်ကျော် ရင် ဘာလုပ်ကြမလဲ။ သူတို့က သေပျောက်တဲ့နှုန်းတွေ လျော့လာနေတယ်လို့ ဆိုတယ်။ ဗိုင်းရပ်စ်ကြောင့် စီးပွားရေးအဆောက်အအုံ ထိခိုက်မှာကိုလည်း စိုးရိမ်ကြ တယ်။ ဒါပေမဲ့ တစ်ဖက်ကလည်း အလုပ်ပြန်ဆင်းရင် ရောဂါပိုး ပိုများပျံ့နှံ့နေလေ မလား ဆိုတာကိုလည်း စိတ်ပူကြတယ်။ နေရာအတော်များများမှာတော့ အိမ်ကနေ အလုပ်လုပ်ကြဖို့ပဲ တိုက်တွန်းတာတွေ့ရလို့ ဗီဒီယိုကွန်ဖရင့်လုပ်လို့ရတဲ့ ကွန်ပျူတာ ပရိုဂရမ်တွေ ရယူတာများလာခဲ့ပါတယ်။

ဒါပေမဲ့ လုပ်ငန်းအတော်များများကတော့ ပိတ်ထားတုန်းပါပဲ။ မြို့ကြီးတွေရဲ့ လမ်းမတွေပေါ်မှာလည်း ခြောက်သွေ့နေဆဲပါ။

တရားဝင်ထုတ်ပြန်တဲ့ ကိန်းဂဏန်းတွေအရ၊ အလုပ်ပြန်ဆင်း၊ စက်ရုံထဲ ပြန်ရောက်တဲ့သူ အနည်းအကျဉ်းပဲ ရှိပါတယ်။ ရုံးပိတ်ရက် နောက်ဆုံးရက်ဖြစ်တဲ့

mgyoe.com